အာဏာရှင်

# ဦးသန်းရွှေ၏

# မြန်မာပြည်

ရဲနောင် ဘာသာပြန်သည်။



DICTATORSHIPS

# THAN SHWE'S BURMA

Diane Zehler



# ရွှေဝါရောင်တော်လှန်ရေး

အရှေ့တောင်အာရှ၏ အလှပဆုံးသော နိုင်ငံများတွင် မြန်မာနိုင်ငံသည်လည်း တစ်နိုင်ငံအပါအဝင် ဖြစ်ပါသည်။ နယ်နိမိတ်အားဖြင့် ထိုင်း၊ လာအိုတို့နှင့် အရှေ့ဘက်တွင် ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် ထိစပ်လျက်ရှိပါသည်။ အနောက်မြောက်ဘက်မှာ ဘင်္ဂလားဒေ့ရှ်၊ အနောက်ဘက်နှင့် တောင်ဘက်တွင် အိန္ဒိယသမုဒ္ဒရာက ဝန်းရံလျက် ရှိနေသည်။ နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများအနေဖြင့် မြန်မာနိုင်ငံသည် မြူနှင်းဝေဝေနှင့် မြစိမ်းရောင်လယ်တောများ၊ စုလစ်မွန်းချွန်တို့ဖြင့် ဗုဒ္ဓသာသနိက အဆောက်အဦများ၊ သစ်တောများနှင့် မြင့်မားမတ်စောက်လှစွာသော တောင်တန်းများရှိသည့် တိုင်းပြည်တစ်ခုအဖြစ် မြင်ရပါလိမ့်မည်။ အထူးသဖြင့် အနောက်တိုင်းသား လေ့လာသူများသည် ထိုအံ့ဩဖွယ် အခင်းအကျင်းကို အနီးကပ်ရှုမြင်မှု မရှိသလောက် နည်းပါးနေနိုင်ပါသည်။ မြန်မာအစိုးရမှာ စစ်အစိုးရဖြစ်ပြီး ၁၉၉၂ ခုနှစ်တွင် စစ်အာဏာသိမ်းခဲ့သော ဗိုလ်ချုပ်မှူးကြီး သန်းရွှေမှ ဦးဆောင်သည့် ပါတီက အုပ်ချုပ်ခဲ့ပါသည်။ စောင့်ကြည့်လေ့လာသူများက ဦးသန်းရွှေအား ပညာမဲ့၊ ဗိုလ်ကျစိုးမိုးသူအဖြစ် ဖော်ပြခဲ့ကြသည်။ သူ၏ ပန်းတိုင်မှာ လျှို့ဝှက်မှုခြုံထည်ဖြင့် တိုင်းပြည်ကို ဖုံးလွှမ်းပြီး ကမ္ဘာကြီးနှင့် အဝေးမှာ မြန်မာပြည်သူများအား ထားလိုသည့်ရည်ရွယ်ချက်ပင် ဖြစ်ခဲ့သည်။ သတင်းအချက်အလက် စီးဆင်းမှုအား တင်းကြပ်ထားပြီး သတင်းထောက်နှင့် သံတမန် အနည်းငယ်ကိုပဲ ဦးသန်းရွှေက နိုင်ငံအတွင်း ခြေချခွင့်ပြုခဲ့လေသည်။ နှစ်ပေါင်းများစွာ ကြာမြင့်သည်အထိ

သူ အောင်မြင်ခဲ့ပါသည်။ မြန်မာဟု အစိုးရမှ အမည်ပြောင်းလဲခဲ့သော နိုင်ငံသည် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ မတိုင်မီအထိ နိုင်ငံတကာ သတင်းများမှာ ဖော်ပြမှု နည်းပါးလွန်းခဲ့သည် မဟုတ်လား။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်တွင် အစိုးရက လောင်စာဆီ ဈေးနှုန်းအား ဆက်ထိန်းမထားတော့ဘဲ ပိုထွက်လာသော နိုင်ငံရန်ပုံငွေများအား အစိုးရနှင့် စစ်တပ်အရာရှိများ၏ လစာတိုးမြှင့်ရန် အစီအစဉ်ရေးဆွဲခဲ့လေသည်။ နေ့ချင်းညချင်းမှာပဲ လောင်စာဆဉဈေးနှုန်းသည် (၁၀၀) ရာခိုင်နှုန်းမှ (၅၀၀) ရာခိုင်နှုန်းအထိ ထိုးတက်သွားပါတော့သည်။ ချက်ချင်းဆိုသလိုပင် အများပြည်သူတို့၏ သယ်ယူပို့ဆောင်စရိတ်မှာ ဝုန်းခနဲ ထိုးတက်ကုန်သည်။ အစားအသောက် ဈေးနှုန်းများလည်း ခုန်တက်ကုန်တော့သည်။ ပြည်သူများမှာ မိသားစု စားဝတ်နေရေးအတွက် အခက်ကြုံရကုန်သည်။ အလုပ်သွားရန် အခက်အခဲနှင့် အိမ်သုံးစရိတ်များလည်း ကျပ်တည်းကုန်သည်။ မထင်မှတ်ဘဲ မြန်မာပြည်သူတို့က ဆန္ဒထပြကြရာ အစိုးရအတွက် အံ့အားသင့်စရာ ဖြစ်ခဲ့တော့သည်။ ပြည်သူတို့က လောင်စာဆီ ဈေးနှုန်း သက်သက်မျှမကဘဲ မျိုးဆက်အလိုက် ဖိနှိပ ချုပ်ခြယ်ခဲ့ခြင်းကို ဆန့်ကျင်ဆန္ဒပြကြခြင်းဖြစ်သည်။ ဂရုဏာမထား လျစ်လျူရှုကြသည့် မြန်မာအစိုးရအရာရှိများ ထိုအခြေအနေကို သဘောပေါက် နားလည်စေရန် ဗြိတိသျှ သံတမန်က ရှင်းလင်းပြောဆိုခဲ့သည်။ သံတမန်က “အခြေခံအကြောင်းအရင်းဖြစ်တဲ့ လူမှုရေးနဲ့ နိုင်ငံရေး အကျပ်အတည်းတွေကို ခင်ဗျားတို့ အသေအချာ ဂရုထားပြီး ကြည့်ဖို့လိုအပ်လိမ့်မယ်၊ အစိုးရအနေနဲ့ မဖြစ်မနေကို သဘောပေါက် နားလည်သင့်တဲ့ အချက်က အခု ပြဿနာမှာ လောင်စာဆီဈေးမဟုတ်ဘဲ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်တဲ့ မကျေနပ်ချက်တွေ ဖြစ်တယ်ဆိုတာပဲ”



အစိုးရ၏ဖိနှိပ်မှုအား ဆန့်ကျင်ဆန္ဒပြသည့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလအတွင်း စုဝေးချီတက်နေကြစဉ်

ကိုယ်ကျင့်သိက္ခာနှင့် စိတ်ပိုင်းဆိုင်ရာတွင် ခေါင်းဆောင်များအဖြစ် တစ်နိုင်ငံလုံး ကြည်ညိုလေးစားခဲ့သည့် ထောင်ပေါင်းများစွာသော ဘုန်းတော်ကြီးများက ဆန္ဒပြပွဲများကို ဦးဆောင်ခဲ့ကြသည်။ မြန်မာမြို့ကြီးများနှင့် မြို့နယ်များရှိ လမ်းများပေါ်တွင် ဘုန်းတော်ကြီးများက သက်န်းတစ်လူလူဖြင့် ဦးဆောင်ချီတက်ခဲ့သည်။ ချီတက်လာသော ဘုန်းတော်ကြီးများအား ပူးပေါင်းရန်အတွက် ထောင်နှင့်ချီသော ပြည်သူများ နေအိမ်များမှ အလျှိုလျှို ထွက်ပေါ်လာကြသည်။ သူတို့အားလုံး စုပေါင်းပြီး မေတ္တာသုတ် အပါအဝင် ဆုတောင်းသံများ သံပြိုင်ရွတ်ခဲ့ကြသည်။

ချီတက် ဆန္ဒပြသူများ နောက်ဆုံးမှာ နေအိမ်ကို ပြန်သွားကြမှာပဲလို့ အစိုးရက မျှော်လင့်ထားခဲ့ပုံရပြီး တိတ်တဆိတ်သာ ရှိနေခဲ့သည်။ သို့သော် ဆန္ဒပြပွဲများက ပို၍ကြီးမားလာတော့သည်။ စက်တင်ဘာလ

ကုန်ပိုင်းတွင် ဆန္ဒပြသူများ သိန်းနှင့်ချီလာသောအခါ စစ်အစိုးရမှာ သည်းခံနိုင်စွမ်း ကုန်ဆုံးသွားခဲ့ပါပြီ။ စက်တင်ဘာ (၂၆) ရက်တွင် ဆန္ဒပြသူများအား မျက်ရည်ယိုဗုံးများနှင့် နံပါတ်တုတ်များသုံးကာ ဖြိုခွဲရန် ဦးသန်းရွှေက အမိန့်ပေးလိုက်သည်။ ဆန္ဒပြသူများအား ခြောက်လန့်ရန်အတွက် စစ်သားများက သေနတ်များကို လေထဲသို့ ပစ်ဖောက်ခဲ့ကြသည်။ သူတို့က ဘုန်းကြီးနှင့် အရပ်သားအားလုံးကို သိမ်းကျုံးရိုက်နှက်ခဲ့ကြသည်။ ရာနှင့်ချီသော ဘုန်းတော်ကြီးများကို ဖမ်းဆီးခဲ့ပြီး အနည်းဆုံးနှစ်ဦးကို သတ်ဖြတ်ခဲ့ပါသည်။ တချို့သော ခန့်မှန်းချက်များအရ သေဆုံးသူဦးရေမှာ ထိုထက်ပင် ပိုနိုင်ပါသည်။ ဘုန်းကြီးကျောင်းများအား ချိတ်ပိတ်လိုက်ပြီး ထွက်ခွာခွင့်လည်း ပိတ်လိုက်တော့သည်။



၂၀၀၇ ခုနှစ်၊ စက်တင်ဘာ (၂၇) ရက် ရန်ကုန်မြို့တွင် ဒဏ်ရာရနေသည့် ဂျပန်သတင်းထောက် ကင်ဂျီနာဂိုင်းက ဆန္ဒပြသူများအား ရိုက်နှက်နေသည့် စစ်သားများကို ဓာတ်ပုံရိုက်ကူးနေစဉ်။ (နာဂိုင်းသည် စစ်သားများက သေနတ်ဖြင့် ပစ်ခတ်ပြီး လူစုခွဲစဉ် အပစ်ခံခဲ့ရပြီး ၎င်းဒဏ်ရာဖြင့် နောက်ပိုင်းတွင် သေဆုံးသွားခဲ့သည်။)

ရုတ်တရက်ဆိုသလို တစ်ကမ္ဘာလုံးက ဗမာနိုင်ငံကို အာရုံစိုက်လာကြသည်။ အထီးကျန်ရပ်တည်နေသော နိုင်ငံမှ ရနိုင်သမျှ အင်တာနက်

အသုံးပြုခွင့်ဖြင့် ပျံ့နှံ့ထွက်လာသော သတင်းအချက်အလက် အလုံးစုံကို စစ်အစိုးရက လုံးဝပိတ်ပင်နိုင်ခြင်း မရှိခဲ့ပါ။ မြင့်မြတ်သည့် ဘုန်းတော်ကြီးများအား စစ်သားများက ရိုက်နှက်နေသည့် ဓာတ်ပုံများကို ရာနှင့်ချီသော ဝက်ဘ်ဆိုက်ဒ်များက ဖော်ပြခဲ့ကြသည်။ ငြိမ်းချမ်းစွာနေသော ဘုန်းတော်ကြီးများအား ယခုလို အကြမ်းဖက်သည့် လုပ်ရပ်ကြောင့် လူအားလုံး မှင်တက်အံ့သြခဲ့ရသည်။ မြန်မာနိုင်ငံထဲတွင် မည်ကဲ့သို့ ဖြစ်ပျက်နေသည်ကိုလည်း အားလုံး အာရုံစိုက်မိလာကြပါတော့သည်။ သတင်းကြေညာသူများ၏ ပါးစပ်ဖျားတွင်လည်း မြန်မာအာဏာရှင် ဦးသန်းရွှေ၏အမည်မှာ ရေပန်းစားလာသလို အစိုးရခေါင်းဆောင်များ၊ သံတမန်များနှင့် နိုင်ငံတကာ ပြည်သူများအကြားမှာလည်း ဝေဖန်ပြောဆိုမှုများ ထွက်ပေါ်လာလေသည်။

*

# အခန်း (၁)
# နှစ်ဆယ်ရာစု မြန်မာနိုင်ငံ

ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်တွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အဓိက ဆန်တင်ပို့မှုအများဆုံး နိုင်ငံများအနက် အပါအဝင်ဖြစ်လာခဲ့သည်။ ဗြိတိသျှတို့က မြန်မာနိုင်ငံတွင် ရထားလမ်းများ၊ သင်္ဘောများ ပေါ်ပေါက်စေခဲ့သည်။ သို့သော် အဆိုပါ တိုးတက်မှုများမှာ လယ်ယာစိုက်ပျိုးရေးသမားများနှင့် ကျေးလက်နေ ပြည်သူများအတွက် အကျိုးမရှိစေခဲ့ပါ။ အကြောင်းမှာ ၎င်းသယ်ယူပို့ဆောင်စနစ်သည် နိုင်ငံ၏ အတွင်းပိုင်းသို့ မရောက်ရှိသောကြောင့် ဖြစ်သည်။ ဗြိတိသျှတို့က သေးငယ်သော လယ်ကွက်များအား ကြီးမားကျယ်ပြောသော လယ်စိုက်ကွင်းများအဖြစ် ပြောင်းလဲခဲ့ကြသည်။ ဆန်စပါးမှာ အမြတ်အစွန်းကြီးမားလှသော အသီးအနှံ ဖြစ်နေခဲ့သည် မဟုတ်ပါလား။ လယ်သမားများမှာ လယ်ကွင်းထဲမှ ဖယ်ရှားခံရသည်။ သူတို့သည် အလုပ်လက်မဲ့ဖြစ်ကာ ငတ်ပြတ်ပြီး မြို့ကြီး ပြကြီး များသို့ ရောက်ရှိလာကြရသည်။ ဗြိတိသျှတို့က မြန်မာလူမျိုးများအား ပြည်သူ့ဝန်ထမ်းအလုပ်များကို လုပ်ကိုင်ခွင့်မပြုဘဲ ဝန်ထမ်းအများစုမှာ ဗြိတိသျှများနှင့် အိန္ဒိယလူမျိုးများသာ ဖြစ်ခဲ့ပါသည်။



၁၉၃၀ ပြည့်နှစ်နောက်ပိုင်း လွတ်လပ်ရေးကြိုးပမ်းမှု ဆန္ဒပြပွဲများမှာ အကြမ်းဖက်ခံရပြီး ဗြိတိသျှ
တပ်ဖွဲ့များက မြန်မာနိုင်ငံ၏မြို့တစ်မြို့တွင် ရောက်ရှိနေကြစဉ်

ဒုတိယကမ္ဘာစစ် (၁၉၁၄-၁၉၁၈) အပြီးတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံစလုံးတွင် လွတ်လပ်ရေးကြိုးပမ်းမှု အရှိန်အဟုန် မြင့်မားလာခဲ့သည်။ ၁၉၂၀ ပြည့်နှစ်များတွင် ကျောင်းသားများနှင့် ဘုန်းတော်ကြီးများစုစည်းကာ လွန်ကဲသည့် အခွန်တင်းကျပ်မှုများနှင့် မြို့ပြများတွင် ဖိနှိပ်မှုများအား ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသည် ဒို့ဗမာအစည်းအရုံးကို တည်ထောင်ခဲ့ကြသည်။ အစည်းအရုံးအဖွဲ့ဝင်များက သူတို့ကိုယ်သူတို့ သခင်များဟု ခေါ်ခဲ့ကြသည်။ ဗြိတိသျှတို့၏ အုပ်ချုပ်မှုကို ဆန့်ကျင့်သည့်အနေဖြင့် ထိုကဲ့သို့ သခင်အမည် ခံယူခဲ့ကြခြင်း ဖြစ်သည်။

ဆန့်ကျင်ဆန္ဒပြမှုများ၏ ဖိအားကြောင့် ၁၉၃၇ ခုနှစ်တွင် ဗြိတိသျှတို့သည် သူ၏ ကိုလိုနီနယ်များကို အကန့်အသတ်ဖြင့် လွတ်လပ်ရေးပေးခဲ့သည်။ မြန်မာနိုင်ငံကိုလည်း အိန္ဒိယမှ ခွဲထုတ်ခဲ့သည်။ မြန်မာနိုင်ငံသည် ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်မှာ ဆက်လက်တည်ရှိ နေသော်လည်း ပါလီမန်နှစ်ခု ပါဝင်သည့် ဝန်ကြီးချုပ်အစိုးရကို ဖွဲ့စည်းခွင့်

ရရှိခဲ့ပါသည်။ မြန်မာအမျိုးသားရေးသမားများအတွက် အဆိုပါ ဖြစ်စဉ်မှာ နေးကွေးလွန်းလှသည်။ ၁၉၃၈ ခုနှစ် ဆန္ဒပြပွဲများသည် ဆူပူအုံကြွမှုအဖြစ် ပြောင်းလဲသွားခဲ့ပြီး ဆန္ဒပြသူများ ပစ်ခတ်သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ နောက်ထပ် တစ်နှစ်အကြာတွင် ဗြိတိသျှတို့သည် ဒုတိယကမ္ဘာစစ် (၁၉၃၉-၁၉၄၅) ကိုပဲ အာရုံစိုက် တိုက်ခိုက်နေခဲ့သည်။ မြန်မာလူမျိုးများက နောက်ထပ် ဆန္ဒပြပွဲများ မစတင်ခင် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ (၇) ရက်မှာ ဂျပန်တို့က ဟာဝိုင်အီရှိ ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည်။ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ မလေးရှားနဲ့ ထိုင်းနိုင်ငံများသည် မကြာခင်မှာပဲ ဂျပန်တပ်ဖွဲ့တို့၏ လက်အောက်သို့ ကျရောက်သွားခဲ့သည်။



၁၉၄၂ ခုနှစ်တွင် ဂျပန်စစ်တပ်များ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာစဉ်
လမ်းမကြီးနံဘေး၌ စုဝေးနေသည့် ရွာသားများ

ဂရိတ်ဗြိတိန်၊ ကနေဒါ၊ အမေရိကန်၊ ဩစတြေးလျနှင့် အိန္ဒိယမှ မဟာမိတ် တပ်ပေါင်းစုများသည် မြန်မာနိုင်ငံတွင် တစ်စုတစ်ဝေးတည်း ရှိနေကြပြီး ရန်သူအား အသေအကြေ တွန်းလှန်ရန် စိတ်ပိုင်းဖြတ်ထားကြသည်။ သို့သော် ဂျပန်တပ်ဖွဲ့များသည် မြန်မာနိုင်ငံအား ကျူးကျော်

သိမ်းပိုက်နိုင်ရန်အတွက် အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။ ရန်ကုန်မှ ပြည်သူများအား ဘေးကင်းရာ မန္တလေးသို့ ရွှေ့ပြောင်းစေခဲ့သည်။ ပြန်လည်ဆုတ်ခွာလာသည့် မဟာမိတ်တပ်ဖွဲ့များရှေ့မှ သိန်းနှင့်ချီသော ပြည်သူများ မန္တလေးဘက်သို့ ထွက်ပြေးကြသည်။ မတ်လအတွင်း ဂျပန်များက မန္တလေးမြို့ကို ဗုံးကြဲတိုက်ခိုက်ကြသည်။ အခြားမြို့ကြီးများကဲ့သို့ပင် မန္တလေးမြို့ကိုလည်း အပြင်းအထန် ဗုံးမိုးရွာခဲ့ခြင်း ဖြစ်သည်။ ရက်ပိုင်းအတွင်းမှာ ဂျပန်တပ်ဖွဲ့များက မြန်မာနိုင်ငံတောင်ပိုင်းကို သိမ်းပိုက်ခဲ့ပြီး မကြာခင်မှာပဲ တစ်နိုင်ငံလုံးကို သိမ်းပိုက်လိုက်တော့သည်။

## ခေါင်းဆောင်တစ်ဦးအဖြစ် ပေါ်ထွက်လာသည့် ကိုအောင်ဆန်း

ကိုအောင်ဆန်းသည် ဒုတိယကမ္ဘာစစ်မတိုင်မီက ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေသော နိုင်ငံရေးစိတ်ဝင်စားသည့် ကျောင်းသားတစ်ဦး ဖြစ်သည်။ ကျောင်းသားများ၏ သခင်လှုပ်ရှားမှုများတွင် သူငယ်ချင်းဖြစ်သူ မောင်နုနှင့်အတူ သူပါဝင်ခဲ့သည်။ မောင်နုသည် ဗြိတိသျှများနှင့် ထိပ်တိုက်တွေ့ခဲ့သော ဆန္ဒပြပွဲတစ်ခုတွင် ဦးဆောင်ခဲ့သူဖြစ်သည်။ ၁၉၃၈ ခုနှစ်တွင် နိုင်ငံရေးလောကသို့ ဝင်ရောက်ရန်အတွက် ကိုအောင်ဆန်း ကျောင်းထွက်လိုက်သည်။ ၁၉၄၀ ပြည့်နှစ်တွင် တရုတ်ပြည်သို့ သွားရောက်ကာ ဗမာနိုင်ငံလွတ်လပ်ရေးအတွက် ကိုအောင်ဆန်း အကူအညီရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာတွင် ဂျပန်တို့နှင့်သူ ဆက်သွယ်မိခဲ့သည်။ မြန်မာ့လွတ်လပ်ရေးအတွက် ကူညီထောက်ပံ့ပေးမည်ဆိုသော ဂျပန်တို့၏ကတိဖြင့် ရန်ကုန်သို့ အခြားသော ပုန်ကန်သူများနှင့်အတူ သူ ပြန်ခဲ့ပါသည်။ ထို့နောက် ရဲဘော်သုံးကျိပ်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ကိုအောင်ဆန်းနှင့် ကိုနေဝင်းတို့ ပါဝင်သော

ရဲဘော်သုံးကျိပ်အဖွဲ့က မြန်မာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို တည်ထောင်ခဲ့ကြသည်။ မြန်မာနိုင်ငံသို့ ဝင်ရောက်ချိန်တွင် ဂျပန်တပ်များနောက်မှ မြန်မာတပ်များ လိုက်ပါလာခဲ့သည်။ ဗြိတိသျှတို့၏ ဖိနှိပ်မှုကို ဆယ်စုနှစ်များစွာ ခံစားခဲ့ရသော ပြည်သူများက ကိုအောင်ဆန်းနှင့် တပ်မတော်ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြသည်။

၁၉၄၃ ခုနှစ်တွင် ဂျပန်တို့က မြန်မာနိုင်ငံအား ရွှေရည်စိမ် လွတ်လပ်ရေး ကြေညာပေးခဲ့သည်။ စစ်ပွဲမတိုင်မီက ဝန်ကြီးချုပ်ဖြစ်ခဲ့သော ဒေါက်တာ ဘမော်သည် နိုင်ငံခေါင်းဆောင် ဖြစ်လာခဲ့သည်။ ကိုအောင်ဆန်းက ဒုတိယအကြီးဆုံး ဖြစ်လာပြီး တိုင်းပြည်၏ အမျိုးသားခေါင်းဆောင် ဖြစ်လာခဲ့သည်။ ဒေါက်တာဘမော်က နိုင်ငံအား အာဏာရှင်အဖြစ် အုပ်ချုပ်နိုင်ရန် စိတ်ပိုင်းဖြတ်ထားခဲ့သော်လည်း အမှန်တကယ်တမ်း ထိန်းချုပ်ထားသူများမှာ ဂျပန်များ ဖြစ်သည်။

၁၉၄၄ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ဂျပန်ရှေ့တန်းတပ်များအား မဟာမိတ်များက တိုက်ခိုက်ခဲ့ကြသည်။ သုံးလကြာပြင်းထန်သည့် တိုက်ပွဲအတွင်း ဂျပန်တပ်သား (၈၀၀၀၀) နှင့် မဟာမိတ်တပ်သား (၁၇၀၀၀) ကျဆုံးခဲ့သည်။ ဂျပန်တပ်များ ဆုတ်ခွာသွားကြပြီး မဟာမိတ်တပ်များက ဧရာဝတီမြစ်ကိုဖြတ်ကာ မန္တလေးနှင့် ရန်ကုန်မြို့များသို့ ဝင်ရောက်လာကြသည်။ ဒေါက်တာ ဘမော်က ဂျပန်သို့ ထွက်ပြေးလေသည်။ မြန်မာ့လွတ်လပ်ရေးအတွက် မည်သည့်နိုင်ငံကိုမှ ယုံကြည်အားထား၍ မဖြစ်နိုင်ကြောင်း ကိုအောင်ဆန်းနှင့် ကိုနေဝင်းတို့က ဆုံးဖြတ်ခဲ့ကြသည်။ ဂျပန်များမှာ စစ်နိုင်မည့် အခြေအနေတွင် မရှိပေ။ အကယ်၍ စစ်ပွဲတွင် အောင်နိုင်ခဲ့လျှင်လည်း မိမိတို့၏နိုင်ငံအပေါ် ဂျပန်တို့၏ အစီအစဉ်ကို ယုံကြည်မှု မရှိကြတော့ချေ။

ထို့ကြောင့် ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေး အဖွဲ့ချုပ် (ဖဆပလ) ကို သူတို့ ဖွဲ့စည်းခဲ့ကြသည်။ ထို့အပြင် တပ်မတော်ကိုလည်း မြန်မာ့ကာကွယ်ရေးတပ်မတော်ဟု အမည်ပြောင်းလဲခဲ့ကြသည်။ ကမ္ဘာ့ပဋိပက္ခဖြစ်စဉ်များကို အသုံးချကာ လွတ်လပ်ရေးအတွက် အလိမ္မာဖက်ပြီး ကြိုးပမ်းရန် လမ်းကြောင်းပြောင်းခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက အရှေ့တောင်အာရှ စစ်သေနာပတိချုပ် လူ့စ္စမောင့်ဘတ်တန်နှင့် ဆက်သွယ်ခဲ့သည်။ သူက တပ်မတော်အနေဖြင့် မဟာမိတ်တပ်များကို ကူညီပေးမည့်အကြောင်း ပြောခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ရန်ကုန်သို့ မဟာမိတ်တပ်များ ရောက်ရှိလာချိန်တွင် လွတ်လပ်ရေးပေးမည့်သူများအဖြစ် မြန်မာ့ကာကွယ်ရေးတပ်မတော်က လက်ခံတွေ့ဆုံခဲ့ကြသည်။ ဂျပန်များက မြန်မာနိုင်ငံမှ ဆုတ်ခွာသွားကြပါပြီ။ ဗိုလ်ချုပ်နှင့် သူ၏အဖွဲ့သည် မှန်ကန်သည့် အချိန်တွင် မှန်ကန်စွာဆုံးဖြတ်ပြီး ရပ်တည်မှုကို ပြောင်းလဲခဲ့ကြခြင်းပင် ဖြစ်တော့သည်။

မဟာမိတ်တပ်များက ဒေါက်တာ ဘမော်ကို ဖမ်းဆီးခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် အမေရိကန်တို့ ထိန်းချုပ်သည့် ဂျပန်နိုင်ငံရှိ မဟာမိတ်အကျဉ်းထောင်တွင် သူ့ကို အကျဉ်းချထားလိုက်တော့သည်။ အကြောင်းမှာ ဒေါက်တာဘမော်သည် ဂျပန်များအား ထောက်ခံအားပေးပြီး အစောပိုင်းကာလက မြန်မာနိုင်ငံအား မဟာမိတ်များနှင့် မပူးပေါင်းရန် ကြိုးပမ်းခဲ့မှုများကြောင့် ဖြစ်သည်။

*